## မဲဆောက်ရောက် မြန်မာအလုပ်သမားတွေ ထိုင်းဘုရင်မွေးနေ့မှာ သွေးလှူ
## ၅ ဒီဇင်ဘာ ၂၀၀၇

ဒီကနေ့ကျင်းပတဲ့ ထိုင်းဘုရင်မင်းမြတ် ဘူမိဘောရဲ့ အနှစ် ၈၀ ပြည့်မွေးနေ့မှာ ထိုင်းမြန်မာနယ်စပ်ရောက် မြန်မာနိုင်ငံသားတွေကလည်း သွေးလှူဒါန်းခဲ့ကြပါတယ်။ ပြည်သူနဲ့သံဃာတော်တွေကို ရက်ရက်စက်စက်နှိမ်နင်းခဲ့တဲ့ မြန်မာစစ်အစိုးရနဲ့ အိမ်နီးချင်းနိုင်ငံက ဘုရင်မင်းမြတ်ကိုနှိုင်းယှဉ်ပြီး ပြည်သူတွေအတွက် ဦးဆောင်ဦးရွက်လုပ်ကိုင်တဲ့ ထိုင်းဘုရင်မင်းမြတ်အတွက် ဆုမွန်ကောင်းတွေတောင်းပေးခဲ့ကြတာလို့ မြန်မာနိုင်ငံသားတွေက ပြောပါတယ်။ ဒီအကြောင်း ထိုင်းအခြေစိုက် ဗီအိုအေမြန်မာပိုင်းဌာနရဲ့သတင်းထောက် ဒေါ်အေးအေးမာ က သတင်းပေးပို့ထားပါတယ်။

ဒီဇင်ဘာလ ၅ ရက်နေ့မှာကျရောက်တဲ့ ထိုင်းဘုရင်မင်းမြတ်ရဲ့သက်တော် ၈၀ ပြည့် အထိမ်းအမှတ်အဖြစ် မဲဆောက်မြို့မှာရှိတဲ့ ရွှေ့ပြောင်းအလုပ်သမား ၈၀ ကနေ မဲဆောက်ဆေးရုံကြီးနဲ့ မယ်တော်ဆေးခန်းမှာ သွေးလှူဒါန်းမှုတွေ လုပ်ခဲ့ပါတယ်။ ဘာကြောင့် သွေးလှူဒါန်းခဲ့ရပါသလဲဆိုတာကိုတော့ အလုပ်သမားတဦးက အခုလို ပြောပြပါတယ်၊

> "ကျနော်တို့က ဗမာပြည်မှာအလုပ်အကိုင် အဆင်မပြေဘူးလေ။ မပြေတော့ ဒီနိုင်ငံမှာ လာလုပ်စားရတယ်။ သူ့နိုင်ငံမှာလာလုပ်စားပြီး သူ့ရဲ့မွေးနေ့မှာ – ကိုယ့်နိုင်ငံနဲ့လည်းမတူဘူး၊ လေးစားဖို့ကောင်းတယ်။ လေးစားဖို့ကောင်းတဲ့ဘုရင်မင်းမြတ်ရဲ့မွေးနေ့တခုမှာ ကျနော်တို့ဖက်ကနေ တတ်နိုင်တဲ့ဖက်ကနေပြီးတော့ သွေးလှူဒါန်းတာပေ့ါနော်။ ကွာပါတယ်၊ ကျနော်တို့ဗမာပြည်နဲ့ ဒီက မင်းနဲ့ဆိုရင်တော့ အရမ်းကိုကွာတယ်လေ။ ဒီ ထိုင်းအစိုးရကတော့ သူ့ပြည်သူလူထုအပေါ်မှာ အရမ်းကောင်းတယ်လေ။ ဦးဆောင်ဦးရွက်လည်းရှိတယ်၊ ရှေ့ကနေပြီးတော့ မားမားမတ်မတ်လည်း ရပ်တည်တယ်။ ပြည်သူတွေအတွက် အားလုံးအဆင်ပြေအောင် သူ အကုန်လုံးလုပ်ပေးတယ်လေ။ မြန်မာအစိုးရကတော့ အဲဒီလိုမဟုတ်ဘူး၊ သူတို့အတွက်ပဲ သူတို့ကြည့်တယ်။ ပြည်သူတွေကို ဒုက္ခပေးဖို့ကြည့်ပြီး ဒုက္ခပေးမယ်။ ပြည်သူတင်မကဘူး၊ ရဟန်းသံဃာတွေတောင်မှ ပစ်သတ်မှတော့ ထိုင်းနိုင်ငံနဲ့ကွာခြားတာပေ့ါနော်၊ တော်တော်ကြီးကို ကွာခြားပါတယ်။"

မြန်မာ ရွှေ့ပြောင်းအလုပ်သမားတွေဟာ သူတို့ရဲ့ဘဝ ရှင်သန်ရေးအတွက် ထိုင်းနိုင်ငံထဲမှာ လုပ်ကိုင်စားသောက်နေရတဲ့အတွက် ထိုင်းဘုရင်အပေါ်မှာ ကျေးဇူးရှိတယ်လို့ ခံစားနေရကြောင်းလည်း ပြောပြပါတယ်။ 'မယ်တောင်မိုင်း' ဆိုတဲ့နေရာဖက်မှာတော့ ဘုရင့်မွေးနေ့အထိမ်းအမှတ်အဖြစ် ရွှေ့ပြောင်းအလုပ်သမားတွေက ဘောလုံးပြိုင်ပွဲတွေကိုလည်း ကျင်းပနေကြပါတယ်။ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ ဘုရင့်မွေးနေ့ပွဲကျင်းပနေတဲ့ အစီအစဉ်နဲ့ပတ်သက်ပြီး အလုပ်သမားအရေး ဆောင်ရွက်နေသူတဦးဖြစ်တဲ့ ကိုမိုးကြိုး ကလည်း အခုလို ပြောသွားပါတယ်။

> "ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁ ရက်နေ့ကနေ အခုထိပေ့ါလေ စက်ရုံတွေရဲ့တန်းလျားတွေ၊ စက်ရုံတွေရဲ့လုပ်ငန်းခွင်ထဲမှာလည်း ဘုရင်မင်းမြတ်ရဲ့ပုံတော်ရှေ့မှာ ပန်းတွေ၊ ရေချမ်းတွေ၊ ဆီးမီးတွေကပ်လှူပြီးတော့ တမြတ်တနိုး ဂုဏ်ပြု ပူဇော်တဲ့ဟာတွေရှိသလို၊ ဒီကနေ့ညဖက်မှာဆိုလည်း စက်ရုံအလုပ်ရုံတွေ အသီးသီးမှာလည်း ဆီမီးထွန်းတာတွေ၊ ဝတ်ပြုဆုတောင်းတာတွေ လုပ်မယ့်အစီအစဉ်တွေရှိပါတယ်ခင်ဗျား။"

ဒီကနေ့မှာတော့ ထိုင်းအာဏာပိုင်တွေဖက်ကနေ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေနဲ့ပတ်သက်ပြီး တင်းကျပ်မှုတွေ၊ ဖမ်းဆီးမှုတွေ နည်းပါးတာကို တွေ့ရပါတယ်။